# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 29 , 2022 — Volume 57, Number 21


**၂၉.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၄၈.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဆန်ပြည်ပသို့ ပုံမှန်အတိုင်း တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာမရှိ ပြည်တွင်းဆန်လက်ကျန် ကောလာဟလများအပေါ် မီဒီယာများ၏မေးမြန်းမှုအား ဒုတိယဝန်ကြီး ပြန်လည်ဖြေကြား

ပြည်တွင်း၌ ဆန်လက်ကျန်နည်းပါးနေကြောင်း လူမှုကွန်ရက်စာမျက်နှာများနှင့် မီဒီယာအချို့တွင် မဟုတ်မမှန်ထုတ်ပြန်မှုများကြောင့် ဆန်ဈေးနှုန်းများ တည်ငြိမ်မှုမရှိသဖြင့် ပြည်သူများသို့ ပြည်တွင်းဆန်လက်ကျန် အခြေအနေမှန်ကို သိရှိစေရန်အတွက် မီဒီယာများက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်ကို ဆက်သွယ်မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိခဲ့ပြီး စပါးထွက်ရှိမှုများ တင်းသန်းပေါင်း ၁၀၈၈ ရှိ၍ နွေစပါးစိုက်ဧက ၂ သန်းရှိကာ စပါးတင်းသန်းပေါင်း ၂၁၃ သန်းထွက်ရှိခဲ့သည့်အတွက် စုစုပေါင်းထွက်ရှိမှုမှာ စပါးတင်းသန်းပေါင်း ၁၃၀၁ သန်း၊ ညီမျှဆန်တန် ၁၃ ဒသမ ၀၁ သန်းဖြစ်ကြောင်း၊ ထွက်ရှိသောစပါးများအပေါ် မျိုး၊ အလေအလွင့်နုတ်ပယ်၍ အသားတင်ပိုလျှံမှုပမာဏမှာ ဆန်တန် ၁၂ ဒသမ ၂၈၂ သန်းခန့်ဖြစ်ပြီး ပြည်တွင်းရှိလူဦးရေ ၅၅ သန်း စားသုံးရန်လိုအပ်ချက်မှာ ဆန်တန် ၉ ဒသမ ၄၀၂ သန်းဖြစ်သည့်အတွက် ပြည်ပတင်ပို့မှုပမာဏမှာ ၂ ဒသမ ၈၈ သန်းခန့်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဩဂုတ်လကုန်အထိ ပြည်ပတင်ပို့နိုင်မှုပမာဏမှာ ဆန်တန် ၁ ဒသမ ၃၃၈ သန်းနှင့် ဆန်ကွဲတန်ချိန် ၀ ဒသမ ၈၀၈ သန်းသာဖြစ်သည့်အတွက် ဩဂုတ်လကုန်တွင် ပြည်တွင်း၌ လက်ကျန်ဆန်တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့်ရှိကြောင်း၊ ယင်းလက်ကျန်ဆန်များအပေါ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ၄ လစာ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ပမာဏမှာ ဆန်တန် ၃ ဒသမ ၁၃၄ သန်းသာဖြစ်ပြီး စက်တင်ဘာလကုန်တွင် ယခုနှစ်မိုးရာသီစိုက်ပျိုးသည့် မိုးစပါးစိုက် ဧက ၁၅ သန်းမှာ စတင်ပေါ်ထွက်လာမည်ဖြစ်၍ ဆန်ပြည်ပသို့ ပုံမှန်အတိုင်းဆက်လက်တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာ မရှိကြောင်း ရှင်းလင်းပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် လယ်ယာထွက်ကုန် သီးနှံများအပါအဝင် အခြေခံစားသောက်ကုန်များ ပြည်ပတင်ပို့ခြင်းအား ခွင့်ပြုပေးပြီး ဆန်ပြည်ပတင်ပို့မှုတွင်လည်း ပြည်တွင်းဖူလုံမှုကို ဦးစားပေးတွက်ချက် ချန်လှပ်ပြီးမှသာလျှင် စိစစ်၍ စနစ်တကျတင်ပို့ခွင့်ပြုလျက်ရှိကြောင်း၊ လက်ရှိပြည်တွင်း ဆန်လက်ကျန်အခြေအနေမှာ မိုးစပါးသစ်မထွက်ပေါ်မီအချိန်အထိ ဖူလုံပိုလျှံသည့်ပမာဏဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် ဆန်လက်ကျန်

ဖူလုံမှုရှိကြောင်း ပြည်သူများအနေဖြင့် မဟုတ်မမှန် သတင်းများအပေါ် စိုးရိမ်ပူပန်မှုများ မဖြစ်ပေါ်စေရန် အသိပေး ဖြေကြားအပ်ပါသည်။

**Source:** မြန်မာ့အလင်း

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလခွဲအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ဒေါ်လာ ၁၃ ဘီလျံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၆၀၀ ကျော် ကုန်သွယ်မှုပိုမိုပြုလုပ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလခွဲအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ဒေါ်လာ ၁၃ ဘီလျံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ သန်း ၂၆၀၀ ကျော် ကုန်သွယ်မှုပိုမိုပြုလုပ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၁၉ ရက်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၆၅၃၇ ဒသမ ၅၀၄ သန်း၊ သွင်းကုန် ဒေါ်လာ ၆၅၀၇ ဒသမ ၂၀၇ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၁၃၀၄၄ ဒသမ ၇၁၁ သန်း ရရှိခဲ့သည်။ ယခင်နှစ်ကာလက ကုန်သွယ်မှု ဒေါ်လာ ၁၀၄၃၀ ဒသမ ၄၅၇ သန်းရရှိသည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် လေးလခွဲ အတွင်းမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၆၁၄ ဒသမ ၂၅၄ သန်း ပိုမိုရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံ (၁၅၅၀၀ သန်း) တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ဒေါ်လာ ၁၄ ဘီလျံ (၁၄၀၀၀ သန်း) တင်သွင်းရန် ရည်မှန်းထားကြောင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ (Mini Budget) ခြောက်လအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုဒေါ်လာ ၁၀၈ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီလျံအထိရှိကြောင်းသိရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်နေပြီး အမျိုးသား ပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန် လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင် ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/236434

## ဩဂုတ်လနောက်ဆုံးပတ်တွင် ပြည်တွင်းရွှေဈေးနှုန်း သမိုင်းတစ်လျှောက် စံချိန်တင်အမြင့်ဆုံးအဖြစ် ကျပ် ၂၉ သိန်းအထက်သို့ရောက်ရှိခဲ့

ဩဂုတ်နောက်ဆုံးပတ်တွင် ပြည်တွင်းရွှေဈေးနှုန်း သမိုင်းတစ်လျှောက် စံချိန်တင်အမြင့်ဆုံးအဖြစ် ကျပ် ၂၉သိန်း အထက်သို့ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

ဩဂုတ် ၂၇ ရက် ပြင်ပဈေးကွက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၉ သိန်းအထက်သို့ စံချိန်တင် ရောက်ရှိခဲ့ သော်လည်း ရန်ကုန်ရွှေအသင်းက ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၀၃၇၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ဩဂုတ်၂၇ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၈၉၅၀၀၀ ဝန်းကျင်ဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး ဩဂုတ် ၂၇ ရက် နေ့လယ်တွင် ၂၉၃၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၃ နာရီဝန်းကျင်တွင် ပြင်ပဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၈၈၅၀၀၀ ဝန်းကျင်သို့ ပြန်လည်ကျဆင်း ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၂ ရက်တွင် အခေါက် ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လယ်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍၂၀၂၂ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက်စံချိန်တင် ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်၌ ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၀၀၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်၌ ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ၌ ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၌ ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ အဆိုပါ သတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာ တွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူ နေရခြင်း ဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြား ငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထား သော်လည်း ရွှေလုပ်ငန်းရှင်များက ဈေးကွက်တွင်မူ အဆိုပါဈေးဖြင့် ဝယ်ယူမရနိုင်ဘဲ ပြင်ပပေါက်ဈေးဖြင့်သာ ဝယ်ယူ ရောင်းချနေရသဖြင့် ယင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/236442

## ပဲမျိုးစုံနှင့်ပြောင်းဈေး အတက်အကျနှင့်ရှေ့အလားအလာ


https://greenwaymyanmar.com

ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ပဲတီစိမ်း၊ ပဲလွမ်း၊ ပြောင်းတွေဟာ ဈေးတွေတက်လာပြီး မတ်ပဲ ကတော့ ဈေးအနည်းငယ်ငြိမ်သွားပေမယ့် အတက်တော့နည်းနည်းရှိပါတယ်။ သိသိသာသာ ဈေးတက်ခဲ့တဲ့ ပဲစင်းငုံကတော့ ဒီတစ်ပတ်ထဲ အနည်းငယ်ပြန်ကျသွားပါတယ်။

**မတ်ပဲ**

ဆက်တိုက်မြင့်တက်နေတဲ့ မတ်ပဲကတော့ ဒီတစ်ပတ်မှာ ဈေးကနည်းနည်းပြန်အေးသွား ပါတယ်။ တစ်တန်ကို ၁၈ သိန်း ၅ သောင်းပတ်ချာလည်(ဒီနေ့ ၁၈၆၀၀၀၀) အရောင်းအဝယ် ရှိနေပြီး ငွေကြေးလဲလှယ်နှုန်းဈေးတွေ မြင့်တက်နေမှုကြောင့် အရောင်းအဝယ်အေးသွားတာလို့ ကုန်သည်တွေကဆိုပါတယ်။ ကုန်သည်တွေအနေနဲ့ ငွေကြေးကျပ်တည်းမှုတွေကြောင့် စောင့်ကြည့်နေရတဲ့အခြေအနေ ရှိနေတယ်လို့လည်း သိရပါတယ်။

အိန္ဒိယနိုင်ငံမှာ မတ်ပဲအများဆုံးထွက်ရှိတဲ့ဒေသက မိုးများမှုကြောင့် အထွက်နှုန်းလျော့နည်းမယ်လို့ ထုတ်ပြန်ထားလို့ မတ်ပဲဈေးက ဆက်ပြီး မြင့်တက်နိုင်ခြေရှိတယ်လို့လည်း ကုန်သည်တွေကဆိုပါတယ်။ ယနေ့ ရန်ကုန်ဘုရင့်နောင်ဈေးကွက် မတ်ပဲဈေးနှုန်းများမှာတော့ FAQ/RC (တစ်တန်) – ၁၈၆၀၀၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ ကွာဟမှု အများကြီးမရှိပါဘူး။ အနည်းငယ်တော့ တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပိဿာ ၆၀ တစ်အိတ်ကို ၁၈၀၀၀၀ အထက် ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာတော့ မတ်ပဲက တစ်တင်း (ပိဿာ ၂၀) ကို ၆၀၀၀၀ ကနေ ၆၁၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဆက်တိုက်မြင့်တက်နေရာကနေ အနည်းငယ် ပြန်ကျသွားပါတယ်။ ပစ္စည်းလက်ကျန်လည်း မရှိတဲ့ အခြေအနေမှာ အရောင်းအဝယ်ကလည်းအေးနေပြီး ဈေးကမြင့်တက်နေတာဖြစ်လို့ ဈေးပြန်ထိန်းတာဖြစ်တယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။ ဒီနေ့ ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၉၄၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၈၇၀၀၀ ကနေ ၁၈၈၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၃၀၀၀ လောက်တက်လာပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနဲ့ မုံရွာတို့မှာတော့ တစ်တင်းကို ၆၀၀၀၀ ကနေ ၆၁၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၅၀၀ လောက် ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ တရုတ်ကို အဓိကတင်ပို့နေတာဖြစ်ပြီးတော့ လက်ရှိ တရုတ်ငွေဈေးမြင့်တက်နေမှုနဲ့အတူ ဈေးတွေလည်းဆက်တိုက်မြင့်တက်နေပါတယ်။ တစ်ပတ်အတွင်းအနေနဲ့ဆိုရင်တော့ ပဲတီစိမ်းက အတက်အကျ အပြောင်းအလဲ အနည်းငယ်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ပြောင်း**

ပြောင်းဈေးကတော့ ဆက်တိုက်ပြန်တက်နေပါတယ်။ ငွေလဲလှယ်နှုန်းဈေးမြင့်တက်နေမှုနဲ့အတူ ထိုင်းနိုင်ငံကို ယခုလကုန်အထိ အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းမှုကလည်း ရှိနေတဲ့အတွက် ဈေးကတက်နေတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်က တစ်ပိဿာကို ၉၄၀ ကနေ ၉၆၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ်ဈေးတက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းတစ်အိတ်ကို ၄၈၀၀၀ ကနေ ၄၉၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်ဈေးတက်လာပါတယ်။ အခြားပြောင်းနီ၊ ရှမ်းပြောင်း၊ ဇမာပြောင်းများလည်း တစ်အိတ်ကို ၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၁၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**ပဲလွမ်း**

ပဲလွမ်းကတော့ ပစ္စည်းလက်ကျန် လျော့နည်းနေပြီး ပြည်ပတင်ပို့မှုလည်းရှိနေတဲ့အတွက် ဈေးက ဆက်တိုက်တက်နေပါတယ်။ အချို့ဒေသတွေမှာတော့ လက်ကျန်မရှိတော့လို့ အရောင်းအဝယ်မရှိဘူးလို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲလွမ်းဖြူ(ပဲခူး)ကတော့ တစ်ပိဿာကို ၂၄၁၅ ကနေ ၂၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်၊ ပဲလွမ်းဖြူ (မြစ်ဝကျွန်းပေါ်)ကတော့ တစ်ပိဿာကို ၂၂၁၅ ကနေ ၂၃၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်ဈေးတက်လာ ပါတယ်။ ပဲလွမ်းနီကတော့ တစ်ပိဿာကို ၂၀၀၀ ကနေ ၂၃၃၅ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲလွမ်းပြာက တစ်အိတ်ကို ၁၂၀၀၀၀ ကနေ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ပဲလွမ်းဖြူကတော့တစ်အိတ်ကို ၁၁၀၀၀၀ ကနေ ၁၂၅၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**Source:** https://greenwaymyanmar.com/posts/Beans_Corn_Prices

## ဗီယက်နမ်တွင် ကော်ဖီစေ့ ဈေးတက်မည်ဟုခန့်မှန်း

ဗီယက်နမ်တွင် ကော်ဖီစေ့အမြောက်အများရှိခဲ့ရာမှ ယခုအခါလက်ကျန်လျော့နည်းနေခြင်းသည် ကမ္ဘာ့ကော်ဖီဈေးနှုန်းများ ပိုမိုမြင့်တက်လာစေရန် တွန်းအားပေးလိမ့်မည်။

ကမ္ဘာ့အများဆုံး robusta ကော်ဖီတင်ပို့သူနှင့် ကမ္ဘာ့ဒုတိယအများဆုံး ကော်ဖီထုတ်လုပ်သူ ဗီယက်နမ်မှထွက်ရှိမှုသည် ၂၀၂၂-၂၃ တွင် ကျဆင်းသွားဖွယ်ရှိသည်ဟု Bloomberg မီဒီယာက ခန့်မှန်းထားသည်။ စက်တင်ဘာလကုန် လက်ကျန်မှာ ယမန်နှစ်ကထက် တဝက်သာ ရှိလိမ့်မည်။

လက်ကျန်နည်းခြင်းနှင့် အထွက်လျော့ကျခြင်းတို့သည် ကိုဗစ်အလွန် ကော်ဖီသောက်သုံးမှု ပြန်များလာချိန်နှင့် တိုက်ဆိုင်နေသည်။ သို့ဖြစ်ရာ ဝယ်လိုအားမြင့်လာချိန် ရောင်းနိုင်မှုက လျော့ကျသဖြင့် ကော်ဖီဈေးတက်သည်။ robusta ကော်ဖီ ဈေးနှုန်း ၁၀ လကြာ ဈေးကျနေခဲ့ရာမှ ဇူလိုင်လလယ်တွင် ၁၇% ဈေးတက်သည်။ Robusta ကို အသင့်ဖျော် ကော်ဖီထုပ် ထုတ်လုပ်သူများ သုံးစွဲကြသည်။ arabica ကော်ဖီထက် robusta ကော်ဖီက ဈေးသက်သာသည်။ ကုန်ဈေးနှုန်းများ မြင့်တက်နေချိန် ဈေးသက်သာသည်ကို ရွေးချယ်ဝယ်ယူကြသဖြင့် robusta အဝယ်လိုက်သည်။

ဗီယက်နမ်ကော်ဖီစေ့ ၂၀၂၂ ဇန်နဝါရီလမှ ဇူလိုင်လအထိ တန်ချိန် ၁.၁၃ သန်း တင်ပို့ခဲ့သည်။ ယမန်နှစ် အလားတူကာလထက် ၁၇% ပိုများသည်။ ကွန်တိန်နာများ ရရှိရန်နှင့် သင်္ဘောတင်ရန် ယခုနှစ်တွင် ယမန်နှစ်ကထက် ပိုအဆင်ပြေသဖြင့် တင်ပို့မှု ပိုများစေခဲ့သည်။ သို့သော် လက်ကျန်ပမာဏ လျော့နည်းသွားစေခဲ့သည်။ ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာနှင့် နီကာရာဂွါတို့သည်လည်း ၂၀၂၁-၂၂ ရိတ်သိမ်းခဲ့သည့် ကော်ဖီစေ့ လက်ကျန် ပြတ်လပ်နေပြီဖြစ်သည်။ ဘရာဇီးကော်ဖီ မိုးခေါင်ခြင်းနှင့် အအေးလွန်ကဲ ရေခဲခြင်းတို့ကြောင့် အထွက်နည်းသည်။ ကိုလံဘီယာကော်ဖီ မိုးများသဖြင့် စိုက်ခင်းများ ပျက်စီးထားသည်။ ယူဂံဒါကော်ဖီ robusta သည်လည်း မိုးခေါင်သဖြင့် အထွက်နည်းသည်။

ဗီယက်နမ် ကော်ဖီထုတ်လုပ်မှုတွင် ၉၀% သည် robusta ကော်ဖီစေ့များ ဖြစ်သည်။ ဗီယက်နမ်တွင် အောက်တိုဘာလ ၁ ရက် ရာသီသစ် မစခင် ရာသီဟောင်း လက်ကျန် တန်ချိန် ၂ သိန်း ကျန်သည်။ ယမန်နှစ်က ရာသီဟောင်း ကော်ဖီစေ့ တန်ချိန် ၄ သိန်းကျန်သည်။ ရာသီသစ် အထွက်နှုန်းသည် ၆% လျော့နည်းလိမ့်မည်ဟု ခန့်မှန်းထားသည်။ ၂၀၂၂-၂၃ အတွက် တန်ချိန် ၁.၇၂ သန်း ထွက်မည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်ကော်ဖီ လက်ကျန် လျော့နည်းနေသဖြင့် ဗီယက်နမ်ကော်ဖီထုတ်လုပ်မှု၏ သုံးပုံတစ်ပုံကို ထုတ်လုပ်ပေးနေသည့် Dak Lak ပြည်နယ်တွင် ကော်ဖီစေ့ဈေးနှုန်း စံချိန်တင်မြင့်တက်လျက်ရှိရာ ပြီးခဲ့သည့် သီတင်းပတ်တွင် တစ်ကီလိုဒေါ် ၄၉,၁၀၀ ( ကန်ဒေါ်လာ ၂.၀၉) အထိ ရောက်ရှိနေသည်။

**Source: .straitstimes**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4885-coffee-bean.html

## ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆံများ ပြည်ပတင်ပို့ရန်အတွက် အသင်းထောက်ခံစာ မလိုတော့ကြောင်း အသိပေးကြေညာ

ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆံများ ပြည်ပတင်ပို့ရန် အသင်းထောက်ခံစာမလိုတော့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း Myanmar Pulses, Beans, Maize & Sesame Seeds Merchants Association မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် အသိပေးကြေညာစာကို ဖော်ပြအပ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆံများ ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ တင်ပို့ခြင်းအတွက် ပို့ကုန်လိုင်စင်ကို Tarde Net 2.0 မှ လျှောက်ထားခြင်းအား မြန်မာနိုင်ငံ ပဲမျိုးစုံပြောင်းနှင့် နှမ်းကုန်သည်များ အသင်း၏ ထောက်ခံစာပူးတွဲပေးရန် မလိုအပ်တော့ဘဲ ၂၉-၈-၂၀၂၂ နေ့မှစ၍ ဆောင်ရွက်နိုင်ကြောင်း အကြောင်းကြားလာပါ၍ အသင်းဝင်ပို့ကုန် ကုမ္ပဏီများအနေဖြင့် သိရှိဆောင်ရွက်နိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**Source: မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4897-mpbmsma.html

## ဝယ်လိုအား နည်းလာသဖြင့် ဘရာဇီးလ်ဆန်ဈေးနှုန်း အားလျော့လာ

ဝယ်လိုအားလျော့ကျသွားသဖြင့် ဘရာဇီးလ်ဆန်ဈေးကွက်မှာ တစ်ပတ်အတွင်း ဈေးပိုမို ကျဆင်းခဲ့ကြောင်း သိရပါသည်။ ဩဂုတ် ၁၁ ရက်၌ Rio Grande do Sul တွင် ပျမ်းမျှအားဖြင့် ၅၀ ကီလိုဂရမ်ရှိသော စပါးတစ်အိတ်၏ ဈေးနှုန်းမှာ R$ 77.01 (အမေရိကန်ဒေါ်လာ ၄၁.၉၀ ခန့်) ဖြစ်ခဲ့ပြီး၊ ယခင်လနှင့် နှိုင်းယှဉ်ပါက ၂.၁၁ ရာခိုင်နှုန်း မြင့်နေဆဲဖြစ်သော်လည်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၀.၈၉ % ပိုမိုလျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံခြားကုန်သွယ်ရေး အတွင်းရေးမှူးရုံး (Secex) ၏ အချက်အလက်များအရ ယခုနှစ် ဇူလိုင်လတွင် စပါး တန်ချိန် ၁၁၁,၅၁၇ တန်ခန့် တင်ပို့ခဲ့ပြီး၊ ယခင်နှစ် ဇူလိုင်လကမူ တန်ချိန် ၁၄,၅၈၉ တန်သာ တင်ပို့ခဲ့ပါသည်။ ကြိတ်ခွဲပြီးဆန်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုမှာလည်း တန်ချိန် ၆၅,၀၈၃ တန်ခန့်ရှိပြီး၊ ယခင်နှစ် အလားတူကာလက တန်ချိန် ၅၇,၃၀၉ တန်သာ တင်ပို့ခဲ့ပါသည်။

တစ်ပြိုင်နက်တည်းမှာပင် ဇူလိုင်လအတွင်း ဘရာဇီးလ်သို့ ပြည်ပမှ ကြိတ်ခွဲပြီး ဆန်တန်ချိန် ၈၂,၁၉၁ တန်ကို တင်သွင်းခဲ့ကာ ယခင်နှစ် အလားတူကာလက တန်ချိန် ၅၂,၅၂၅ တန်သာ တင်သွင်းခဲ့သည်ဟု သိရပါသည်။ စပါးတင်သွင်းမှုမှာ တန်ချိန် ၅,၅၀၀ ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလက တန်ချိန် ၇,၂၀၀ တင်သွင်းခဲ့ကြောင်း သိရပါသည်။

**Source: MOALI**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4895-brazil-rice.html

## တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်အစာဈေးကွက် မြင့်တက်လာ



https://www.foodindustrydirectory.com.mm

SunSirs ၏ စောင့်ကြည့်လေ့လာသည့် အချက်အလက်များအရ ဩဂုတ် ၄ ရက်မှစတင်၍ အမေရိကန်ပဲပုပ်များက ပြင်ပဈေးကွက်ကို ပံ့ပိုးပေးခဲ့သဖြင့် ဟောင်ကောင်မှ တင်သွင်းသည့် ပဲပုပ်ပမာဏ လျော့နည်းသွားခဲ့ရာ တရုတ်ပြည်တွင်းပဲပုပ်အစာဈေးကွက် ဆက်လက်မြင့်တက်ခဲ့ပါသည်။ ဩဂုတ်လ ၄ ရက်နေ့တွင် ပဲပုပ်အစာဈေး ပျမ်းမျှဈေးမှာ တစ်တန်လျှင် ၄,၂၀၂ ယွမ်ဖြစ်ခဲ့ပြီး၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပျမ်းမျှဈေးနှုန်း တစ်တန်လျှင် ၄,၃၁၂ ယွမ်ဖြစ်ခဲ့ရာ ၂.၆၂ % မြင့် တက်လာခြင်းဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုဘက်မှ ပဲပုပ်များကို တင်ပို့ရန် စစ်ဆေးမှုပမာဏ တက်လာသော်လည်း အကောင်းဆုံး ဖွံ့ဖြိုးမှုနှုန်း ကျဆင်းလာခဲ့သဖြင့် ဩဂုတ်လ ၄ ရက်နေ့မှစတင်၍ ပဲပုပ်အစာဈေးနှုန်းမှာ အထက်သို့ ပြန်လည်တက်လာခဲ့ပါသည်။ ဝယ်လိုအားမှာ အတော်လေးနွေးကွေးနေပြီး ပဲပုပ်အစာရရှိနိုင်မှုကို အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ဖြစ်ပေါ်စေသဖြင့် ပဲပုပ်အစာ ဈေးကွက်တစ်ခုလုံး မြင့်တက်လာခြင်း ဖြစ်ပါသည်။

ယခုနှစ်လယ်ပိုင်းတွင် ဟောင်ကောင်မှ တင်သွင်းသည့် ပဲပုပ်ပမာဏကျဆင်းခဲ့ပြီး ပဲပုပ်အစာဈေးကွက် ဆက်လက်မြင့်တက်လာခဲ့ရာ၊ ဩဂုတ် ၁၇ ရက်အထိကာလတွင် တရုတ်ပြည်တွင်း ပဲပုပ်အစာဈေးနှုန်းမှာ ၂ ရာခိုင်နှုန်းကျော် မြင့်တက်လာသည်ကို တွေ့ရပါသည်။ SunSirs မှ စိုက်ပျိုးရေးထွက်ကုန် ဆန်းစစ်လေ့လာသူက ဈေးနှုန်းတက်စေသည့်အချက်များ ရှိနေခြင်းကြောင့် တရုတ်နိုင်ငံ၏ ပဲပုပ်အစာဈေးကွက်မှာ အနာဂတ်တွင် ဈေးနှုန်းဆက်လက် မြင့်တက်လာနိုင်ခြေရှိသေးကြောင်း ခန့်မှန်းထားပါသည်။

**Source: SunSirs Market Information Service– DOP– MOALI**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4903-china-s-domestic-market-for-soybean-meal-is-on-the-rise.html

## ထောပတ်သီးတင်ပို့ရောင်းချမှု ပြည်ပဈေးကွက် ပိုမိုကောင်းမွန်တိုးတက်ရန် လိုအပ်နေ



Source: မြန်မာ့အလင်း

ထောပတ်သီးတင်ပို့ရောင်းချမှု ပြည်ပဈေးကွက် ပိုမိုကောင်းမွန်တိုးတက်ရန် လိုအပ်နေကြောင်း ရှမ်းပြည်နယ် တောင်ပိုင်းရှိထောပတ်သီး စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်သူများထံမှ သိရသည်။

“အရင် ၂၀၁၈/၂၀၁၉ နှစ်တွေတုန်းကတော့ ပြည်ပတင်ပို့ရောင်းချမှုတွေ တွင်ကျယ်ခဲ့တာပေါ့။ အခုနောက်ပိုင်း နှစ်နှစ်အတွင်းမှာတော့ ဘန်ကောက်ဘက်ကို တင်ပို့မှုရှိလာတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၂၁ ရက်ကပဲ တစ်ကြိမ် တင်ပို့ဖြစ်ပါသေးတယ်။ အခုဈေးကွက်လေး နည်းနည်း ပြန်ကောင်းလာတဲ့ သဘောပေါ့။ ထောပတ်သီးဈေးကွက်က ပြည်ပတင်ပို့မှု ထွက်ပေါက်ရှိမှလည်း အဆင်ပြေမယ်။ ဈေးကွက် အခုထက် ပိုကောင်းလာဖို့ လိုအပ်နေပါသေးတယ်” ဟု ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ အုပ်စု နမ့်လီသပြေကုန်းရွာမှ ဦးခွန်ဇော်ထွန်းကပြောသည်။ အရည်အသွေးနှင့် ဝယ်လိုအားအပေါ်မူတည်ပြီး ထောပတ်သီး တစ်ကီလိုလျှင် ကျပ် ၂၅၀၀ မှ ၅၀၀၀ အတွင်း ဈေးနှုန်းရရှိနေကြောင်း သိရသည်။

“ထောပတ်ပင်တွေကို စီးပွားဖြစ် စိုက်ပျိုးဖြစ်ခဲ့တာကတော့ ဘာပဲလုပ်လုပ် ရင်းနှီးမြှုပ်နှံတဲ့သဘောနဲ့ လုပ်ချင်တာ ဆိုတော့ နှစ်ရှည်ပင်တွေစိုက်ပျိုးပြီး ရင်းနှီးမြှုပ်နှံရင် ရေရှည်အတွက်ကောင်းမယ်လို့ ယူဆလို့ပါ။ နှစ်ရှည်ပင်ဆိုတော့ နှစ်စဉ် ပုံမှန်လေး ပြုစုစောင့်ရှောက်ပေးမယ်ဆိုရင် သက်တမ်းရင့်လာလေလေ ပုံမှန်ဝင်ငွေပေးပါတယ်။ ဒေသမျိုးလည်း စိုက်ထားတယ်။ အမေရိကန် ကယ်လီဖိုးနီးယားမျိုးကို ကိုင်းဆက်စနစ်နဲ့ စိုက်ပျိုးနေ တာလည်းရှိပါတယ်။ ဈေးကွက်ပိုင်း ပိုမိုတိုးတက်ဖို့အတွက်တော့ အဘက်ဘက်က ကူညီစောင့်ရှောက်ဝိုင်းဝန်း ပံ့ပိုးပေးမှုတွေ လိုအပ်နေပါတယ်။ စိုက်ပျိုးရေး ဆိုင်ရာအသင်းအဖွဲ့တွေအနေနဲ့ရော၊ နိုင်ငံတော်ဌာနဆိုင်ရာတွေအနေနဲ့ပါ ထောပတ်ဈေးကွက်ကို တတ်စွမ်းသလောက် ဝိုင်းဝန်းကူညီပံ့ပိုးပေးမယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ” ဟု ၎င်းကဆက်လက် ပြောသည်။

ထောပတ်ပင်ကို ကိုင်းကူးကိုင်းဆက်စနစ်ဖြင့် စိုက်ပျိုးပါက အချိန်နှစ်နှစ်အတွင်း ပန်းပွင့်ကာ အသီးစတင် သီးနိုင်ပြီး ရိုးရိုးအစေ့ပျိုးပင်ဖြင့် စိုက်ပျိုးပါက အချိန်သုံးနှစ်အတွင်း ပန်းပွင့်ကာ အသီးစတင်နိုင်သည်။ စီးပွားဖြစ် တင်ပို့ရောင်းချမည့် အသီးအရည်အသွေးမျိုးကို ရရှိရန်မှ စစိုက်ပျိုးသည့်နှစ်မှ ငါးနှစ်နှင့်အထက် အချိန်ကာလကြာမြင့်နိုင်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## STOCK EXCHANGE (29.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +100 | +1.43% | 6,900 | 7,100 | 6,900 | 882 | 6,097,400 | 33,109,694 | 235,079 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,400 | 8,085 | 19,456,900 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 200 | 470,000 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 4,400 | +500 | +12.82% | 4,400 | 4,400 | 4,400 | 1 | 4,400 | 10,497,598 | 46,189 |

## Market summary

As of 29th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 328.20 | +4.92 | +1.52% | 324.40 | 328.20 | 323.28 | 9,168 | 26,028,700 | 7 | 570,947 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 29th Aug. 2022

| MYANPIX | 328.20 |
|---|---|
| | ▲ 4.92 |
| Total Volume (shares) | 9,168 |
| Total Value (MMK) | 26 mil |
| Listed Company | 7 |
| Market Cap. (MMK) | 570,947 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 100 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 500 |